# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို၊ ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။(၁) အဖွဲ့တွင် အောက်ပါအဖွဲ့ဝင်ဆယ်ဦးပါဝင်ရမည်။

အဖွဲ့ဝင်များ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးဌာန တာဝန်ခံ—ဥက္ကဋ္ဌ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် တပ်မတော်အရာရှိတဦး—ဒုတိယ ဥက္ကဋ္ဌ။

(ဂ) ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး ဌာနအတွင်းဝန်—ဒုတိယ ဥက္ကဋ္ဌ။

(ဃ) နိုင်ငံတော်မြေယာနှင့် ကျေးလက်စည်ပင်ရေးဆိုင်ရာ ဘဏ္ဍာ ရေးမင်းကြီး၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်—အဖွဲ့ဝင်။

(င) ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(စ) ရန်ကုန်မြို့တော် မြူနီစီပါယ်ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးမှူး—အဖွဲ့ဝင်။

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် အခြား ပုဂ္ဂိုလ်လေးဦး—အဖွဲ့ဝင်များ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အခါအားလျော်စွာ၊ အဖွဲ့ဝင်ဦးရေကိုတိုးချဲ့၍ ခန့်နိုင်သည်။''

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ ''ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့်''ဆိုသည့်စကားရပ်အစား၊ ''ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၈ တွင်၊ ''ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့်''ဆို သည့်စကားရပ်အစား၊ ''ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်၊ အစိုးရအရာရှိမဟုတ်သူ''ဆို သည့်စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ တွင်၊ ''ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့်'' ဆိုသည့်စကားရပ်အစား၊ ''ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသောအဖွဲ့ဝင်များ အနက်၊'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၁ တွင်၊ ပုဒ်မခွဲ (၃) အစားအောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

''(၃) ဥက္ကဋ္ဌ သည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ဥက္ကဋ္ဌမတက်ရောက်လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင် ဖော်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌက၊ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်း အဝေးသို့ ဥက္ကဋ္ဌနှင့် ထိုဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက် လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင်ဖော်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်း အဝေးသို့ ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးနှင့် ဥက္ကဋ္ဌပါ မတက်ရောက် လျှင်၊ အစည်းအဝေးသို့ တက်ရောက်သော အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှ တဦးကို၊ သဘာပတိအဖြစ် ဆောင်ရွက်ရန်ရွေး ကောက်တင်မြှောက်ရမည်။''

၇။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ ပုဒ်မခွဲ (၂) ၌''အဖွဲ့၏ ထောက်ခံချက်အရ'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။